# အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအား လူကိုယ်တိုင်လာရောက် လျှောက်ထားမည့်သူများ သိရှိဆောင်ရွက်ရမည့်အချက်များ

## ၁။ လျှောက်လွှာရယူခြင်း

- အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း (TM-1 Form) အား ဖြည့်စွက်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
- အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း (TM-1 Form) အား Download ရယူခြင်း
  - www.ipd.gov.mm ၏ Home page > Menu > ကုန်အမှတ်တံဆိပ်နှင့် ဒေသဆိုင်ရာအညွှန်း > ကုန်အမှတ်တံဆိပ် > လျှောက်လွှာပုံစံများ

(https://www.ipd.gov.mm/trademark/trademark-1/forms-for-trademark)

## ၂။ လျှောက်လွှာအား ဖြည့်သွင်းခြင်း

- အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း (TM-1 Form)အား ဖြည့်စွက်ရာတွင် လျှောက်ထားချက် တင်သွင်းသည့်နေ့ (Filing Date) သတ်မှတ်ရန် လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။
- ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ဦးစီးဌာနက သတ်မှတ်ထားသော ကိုယ်စားလှယ် သင်တန်းအောင်လက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားရမည် ဖြစ်ပါသည်။
- ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက www.ipd.gov.mm တွင် ကိုယ်စားလှယ် ခန့်အပ်လွှာ (TM-2 Form) အား Download ပြုလုပ်ဖြည့်သွင်းပြီး TM-1 Form နှင့်အတူ ပူးတွဲ၍ လျှောက်ထားရမည်။
- ဦးစီးဌာနက သတ်မှတ်ထားသော ကိုယ်စားလှယ် သင်တန်းအောင်လက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်သည် အီလက်ထရောနစ်မှတ်ပုံတင်စနစ်(WIPO File) အသုံးပြုရန် User Account ရရှိထားသူဖြစ်ပါက အဆိုပါ WIPO File စနစ်မှသာ လျှောက်ထားရမည် ဖြစ်ပါသည်။

## ၃။ လျှောက်လွှာ ဖြည့်နည်းလမ်းညွှန်များ

- TM-1 Form နှင့် TM-2 Form များနှင့် အခြား Form များ၏ နမူနာဖြည့်သွင်းရန် နည်းလမ်းများကို https://www.ipd.gov.mm/trademark/trademark-1/guideline-

and-useful-information/user-guidelines-1 တွင် အသုံးပြုသူများအတွက် လမ်းညွှန်ချက်များတွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

## ၄။ အခကြေးငွေ ပေးသွင်းခြင်း

- ❖ ဦးစီးဌာန၏ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက် လက်ခံမည့်ရုံးချုပ်နှင့် ရုံးခွဲများသို့ လာရောက်လျှောက်ထားခြင်းများအတွက် သတ်မှတ်ထားသည့်အခကြေးငွေကို ကဒ်ပေးချေမှု လက်ခံစက်ဖြင့် ငွေပေးချေမှုနည်းလမ်း (Point of Sale - POS) စနစ်ဖြင့်ပေးသွင်းရမည်။
- ❖ POS စနစ်ဖြင့် ပေးသွင်းရာတွင် မြန်မာနိုင်ငံအတွင်း မည်သည့်ဘဏ်မဆိုပြုလုပ်ထားသည့် MPU Card တစ်ခုခုဖြင့် ဖြစ်စေ၊ CB Pay စနစ်ဖြင့် ဖြစ်စေ ပေးသွင်းနိုင်မည်။
- ❖ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအတွက် အခကြေးငွေအား ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားနံပါတ် (Class) အရေအတွက်အလိုက် ပေးသွင်းရမည်။

ဥပမာ -

- Class အရေအတွက် တစ်ခု အတွက် ကျပ် ၁၅၀,၀၀၀/- ပေးသွင်းရမည်။
- Class အရေအတွက် နှစ်ခု အတွက် ကျပ် ၃၀၀,၀၀၀/- ပေးသွင်းရမည်။

## ၅။ လျှောက်လွှာလက်ခံသည့်ဌာနများ

- ❖ လျှောက်လွှာလက်ခံမည့် ဌာနများအား အောက်ပါတို့တွင် ဖွင့်လှစ်ထားရှိပါသည်-

နေပြည်တော်ရုံးချုပ် - ရုံးအမှတ်(၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဖုန်း ၀၆၇၄၃၀၅၉၄

အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)- အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁၈၃၈၀၂၈၃

အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)- ၃၅ လမ်းနှင့် ၆၃ x ၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ မန္တလေးမြို့

- ❖ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)အား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ စတင်ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

**မူပိုင်ခွင့်ဦးစီးဌာန**